လူတစ်ဦးသည် အကျိုးကုသိုလ်ကို မျှော်ကိုး၍ မိမိ၏
အိမ်သူအိမ်သားများအပေါ်
သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည်
၎င်းသူအတွက် ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။
အဗူမတ်စ်အူးဒ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ လူတစ်ဦးသည်
အကျိုးကုသိုလ်ကို မျှော်ကိုး၍ မိမိ၏ အိမ်သူအိမ်သားများအပေါ်
သုံးစွဲမှုတစ်ခုခုပြုခဲ့လျှင် ထိုသုံးစွဲမှုသည် ၎င်းသူအတွက်
ဆွဒကဟ်အလှူဒါနပင်ဖြစ်သည်။
[صحيح] [متفق عليه]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ အကယ်၍
လူတစ်ဦးသည် မိမိက သုံးစွဲရန်တာဝန်ရှိသော အိမ်သူအိမ်သားများဖြစ်သည့် မိမိဇနီး၊
မိဘနှစ်ပါး၊ သားသမီးနှင့် အခြားသူများအပေါ်ပေးကမ်းသုံးစွဲခဲ့ပြီး
ထိုသုံးစွဲခြင်းအပေါ် အရှင်မြတ်နှင့် နီးကပ်မှုရရှိရန်နှင့် အရှင်မြတ်ထံတော်မှ
အကျိုးကုသိုလ်ရရှိရန် မျှော်လင့်ချက်ထားပါက ထိုသူသည် ဆွဒ်ကဟ်အလှူဒါနပြုသည့်
အကျိုးကုသိုလ်ကို ရရှိမည်ဖြစ်သည်။
https://www.sunnah.global/hadeeth/my/show/6460